# အမေရိကား၌ ကလေးလိုချင်သူမှ ကိုယ်ဝန်ဆောင် တဦး၏ ဗိုက်အား ခွဲ၍ယူသူ သေဒါဏ်

ပိုစ့် တင်ပေးသူမှာ Ko Thar Nge'l (Cartoonist)

Sunday, 06 July 2008



အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပြည်နယ်၊ မြို့ဒုမြို့ ဆုံရာဖြစ်သော ကင်းနဝစ်မြို့တွင် ဂျူလိုင်လ(၁)ရက်နေ့၌ ကလေးလိုချင်သူ အာရှသူမှ ကိုယ်ဝန်ဆောင် မက္ကဆီကိုနိုင်ငံသူအား လှည့်ဖျား ခေါ်ဆောင်ကာ မိခင်အားသတ်၍ ဝမ်းဗိုက်တွင်းမှ ကလေးဖြစ်သူအား ခွဲယူသည့် မှုခင်းဖြစ်ပွားခဲ့ရာ အမေရိကန်နိုင်ငံ နိုင်ငံ၏ မီဒီယာများတွင် ဟိုးလေးတကျော် ဖြစ်ခဲ့ရသည်။

လူသတ်မှု ကျူးလွန်သူ ဗီယန်ချိုင်း ဆီဆောဖန် ဆင်ဟာဖန်

အသက် (၂၃)နှစ်သာ ရှိသေးသည့် လာအိုနိုင်ငံသူ ဗီယန်ချိုင်း ဆီဆောဖန် ဆင်ဟာဖန် ဆိုသည့် ကင်းနဝစ်မြို့မှ အမျိုးသမီးသည်၊ ပါစကိုမြို့မှ အသက်(၂၇)နှစ်အရွယ် အေရာဆလီ ကွန်မန်ချီ ဂိုးမက် ဆိုသည့် မက္ကဆီကိုနိုင်ငံသူ အမျိုးသမီးအား ဝမ်းဗိုက်တွင်းမှ ကလေးငယ်အား ပိုင်ဆိုင်လိုစိတ်ဖြင့် ဝမ်းဗိုက်တွင် အကြိမ်ရေများစွာ ဖြတ်တောက် လှီးဖြတ်ထားကာ မသေမခြင်း သေကြောင်းကြံစည်မှုဖြင့် တရားခံအား ပြည်နယ် တရားရုံးတော်မှ ချက်ချင်းလက်ငင်းပင် သေဒါဏ်ချမှတ် လိုက်သည်။

အခင်းဖြစ်ပွားပုံမှာ ဂျူလိုင်လ(၁)ရက်နေ့ ညပိုင်းတွင် ကလေးပိုင်ဆိုင်ရန် ကြိုးပမ်းသော ဆင်ဟာဖန်မှာ အရေးပေါ်ဌာနသို့ မိမိ ခက်ခဲစွာ ကလေးမွေးဖွားနေရကြောင်း လှမ်းအကြောင်းကြားလိုက်ရာ၊ အကူညီပေးရန် ဦးစွာလာရောက်သော ရဲအရာရှိမှ ပြန်လည်ပြောပြရာတွင် ကားပေါ်တွင် ထိုင်နေသော သူမနှင့် ကလေးငယ်ကို အတူတွေ့ရပြီး၊ ထိုအချိန်ကလေးမှာ အသက်ရှူမှု လက္ခဏာ မတွေ့ရဟု ဆိုသည်၊ ဆက်လက်ပြီး ပြောဆိုရာတွင် သူမ၏ကားအနီး တဝိုက်တွင်လဲ သွေးများပေစွန်းနေသော စက္ကူလက်သုတ်ပုဝါ များစွာတွေ့ရကာ၊ ရဲအရာရှိအား ဤကလေးမှာ သူမကလေးဖြစ်ကြောင်း ကြိမ်ဖန်များစွာ ပြောဆိုနေကာ၊ သူမမှာ တီရှပ်အကျီ တထည်သာ ဝတ်ဆင်ထားသည်ဟု ဆိုသည်၊ သို့ပါ၍ ကင်းနဝစ်ဆေးရုံသို့ မိခင်ရော ကလေးပါပို့ဆောင်ရာတွင် မိခင်ဖြစ်သူမှာ ကလေးမွေးဖွားထားခြင်း လက္ခဏာမတွေ့ရကြောင်း၊ ကလေးဖြစ်သူမှာလဲ ချက်ချင်းလက်ငင်း မွေးဖွားထားသော ပုံပန်းသဏ္ဍာန် မတွေ့ရ၍ အရေးပေါ်ဌာန ဆေးဖက်ဆရာဝန်များမှ မှတ်ချက်ပေးရာမှ ညတွင်းချင်း ဤမှုခင်း ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ရဲမှ ဆင်ဟာဖန်၏ ကားတွင်းရှာဖွေရာတွင် ကားနောက်ခန်းတွင် လူ၏အသား တစ်ရှူးစများ၊ တွေ့ရှိရကာ ရာဘာလက်အိတ်များ၊ ကပ်ကျေးများပါသည့် သူနာပြုသုံးသေတ္တာ၊ အရေးပေါ်သုံး မီးသီး၊ သွေးစွန်းသော ခြေအိတ်၊ ခွဲစိတ်ခန်းသုံး အပ်ချည်၊ ကလေးခြေအိတ် နှင့် ကလေးနို့ဘူးများတွေ့ ရှိရသည်ဟု ကင်းနဝစ် ရဲတပ်ဖွဲ့မှ ဆိုသည်။ နောက်တနေ့ နံနက် အရုဏ်တက်တွင် တရားခံ ဆင်ဟာဖန် အရေးပေါ်ခေါ်ယူသော ဂျေစီပဲနီ ကုန်တိုက်နှင့် အတော်အတန် မကွာဝေးသော ကိုလံဘီယာ ပန်းခြံအတွင်း၌ ဝမ်းဗိုက်တွင် ဖြတ်တောက်

လှီးဖြတ်ထားသော ဒါဏ်ရာများစွာနှင့် ဂိုမက်၏ အလောင်းအားတွေ့ ရှိခဲ့ရသည်။

ထိုကလေးအား ဝါရှင်တန်ပြည်နယ် ဒုတိယအကြီးဆုံးမြို့ စပုတ်ကင်း ဆေးရုံတွင် အထူးကြပ်မတ်ကုသနေပြီး၊ ဆေးရုံအာဏာပိုင်အဖွဲ့မှ ကလေးအသက်ရှင်သန် မျှော်လင့်ချက် ရောင်ခြည်သန်း လာပြီဟု ယမန်နေ့ညက ကြေညာကာ၊ ဤအဖြစ်ပျက်မျိုး ရက်အနည်းငယ်စောကာ ဖြစ်ပွားခဲ့ပါက ကလေးဖြစ်သူ၏ အသက်ကို ကယ်တင်နိုင်ရန် မျှော်လင့်ချက် အတော်နည်းပါးသည်ဟု ထပ်လောင်းကြေညာသည်။

ဆင်ဟာဗန်၏ မိသားစုနှင့် မီဒီယာတွေ ဆုံမေးမြန်းရာတွင် သူမအခုရက်များတွင် ကောက်ခါငင်ကာ မိမိသောကြာနေ့ မီဖွားမည် ဖြစ်ကြောင်း၊ မိမိ ကလေးတယောက်ဖြင့် အခုရက်ပိုင်းအတွင်း လက်ထပ်မည် ဖြစ်သည်ဟု ကစင့်ကလျား ပြောဆိုနေသည် ကိုကြားရသည်ဟု မိသားစုဝင်များမှ ပြောဆိုသည်။

သေဆုံးသူ အေရာဆလီ ကွန်မန်ချို ဂိုးမက် သည် သားသမီး ၂ဦးနှင့် မက္ကဆီကိုနိုင်ငံမှ ဆင်းရဲနွမ်းပါးမှုကြောင့် မိသားစုနှင့်အတူ ပါစကိုမြို့သို့ လာရောက်အခြေချ လုပ်ကိုင်သူများ ဖြစ်သည်ဟု ခင်ပွန်းဖြစ်သူမှ ဖြေဆိုသည်။

တရားခံ ဆင်ဟာဗန်မှာ ပြီးခဲ့သောအပါတ်က ပြည်နယ်တရားရုံးတွင် အသနားခံ ခုခံချေပမည် ဖြစ်ပါသောကြောင့် အမှုအား လာမည့်အပါတ်သို့ ရွှေ့ဆိုင်းလိုက်သည်။

နော်မန်( နှင်းဆီမြို့တော်)